# အုပ်ပုံကျေးရွာ

# တိုက်ကြီးမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

အုပ်ပုံကျေးရွာ၊ တိုက်ကြီးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ

## မာတိကာ


မာတိကာ ၁

စကားချီး ၅

အုပ်ပုံကျေးရွာသယံဇာတပြမြေပုံ၊ တိုက်ကြီးမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ ၂၀

(၈) ဦးစားပေးစီမံချက်များနှင့်င့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၀**

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းမျာ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)
၇၀

ကိုးကားစာရင်း ၇၅

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများ နှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်း ကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း (၂) ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

အောက်တိုဘာ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

အုပ်ပုံကျေးရွာ

တိုက်ကြီးမြို့နယ်

# အုပ်ပုံကျေးရွာသယံဇာတပြမြေပုံ၊ တိုက်ကြီးမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

## ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသ ရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင် မည် ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှ ဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေး ဆွဲခြင်း များကို မြို့နယ် အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွနိုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများ ကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါ သည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်း အားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

### ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်-ပြည် ကားလမ်းမဘေးတွင်တည်ရှိပြီး၊ တိုက်ကြီးမြို့မှ (၉)မိုင်ကွာဝေးပါသည်။ ကျေးရွာသည်မြေပြန့် ဒေသဖြစ်ပြီး အဓိကသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း များဖြစ်ကြသည်။ ဒေသ၏ တစ်နှစ်ပျှမ်းမျှမိုးရေချိန်လက်မမှာ ၈၀ မှ ၁၀၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုသည်။ မြေဆီလွှာအနေအထားမှာလည်း သဲနုန်း မြေများဖြစ်၍ အသင့်အတင့်ကောင်းသောမြေအမျိုးအစားဖြစ်ပါသည်။ ကျေး ကုန်းတွင်းပိုင်းတွင် တည်ရှိပြီး ဆားငန်ရေဝင်ရောက်ခြင်းမရှိပါ။ ကျေးရွာ၏အလယ်တွင် အုပ်ပုံချောင်းတည်ရှိပါ သည်။ လယ်ယာမြေများသည် စပါး၊ ပဲ၊ စိုက်ပျိုးထုတ်လုပ်ရန်နှင့် သက်မွေးဝမ်းကျောင်းရန်တို့အတွက်

အဓိကအားထားရာဖြစ်သည်။ ဆောင်းရာသီ စပါးစိုက်သောဆည်မြောင်းကြီးမှ ခွဲထွက်လာသော လက်သွယ်မြောင်းနှင့်အတူ ပွဲစားရိုးလည်းရှိပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

လယ်ယာမြေမှာ မြေပြန့်ဒေသဖြစ်ပြီး မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင် မိုးစပါးစပါးစိုက်ဧကစုစုပေါင်းမှာ (၄၇၁)ဧကရှိပြီး ဆောင်းရာသီတွင် ဆည်ရေသွင်း စပါး(၂၁၆)ဧကစိုက်ပျိုး၍ ကျန်လယ်မြေများကို မတ်ပဲနှင့် အခြားသီးနှံများကို စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် အခြားသယံဇာတများ မထွက်ရှိပါ။

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က)လူဦးရေဆိုင်ရာအချက်အလက်များ**

အိမ်ထောင်စုပေါင်း (၂၄၆) စုနှင့်ကျား(၅၀၇)၊ မ(၅၃၂)ဦးဖြင့်လူဦးရေပေါင်း (၁၀၃၉)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၂၂)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ကျေးရွာတွင် ဗမာလူမျိုးများအများဆုံး နေထိုင်ကြပြီး အလုပ်လုပ်နိုင် သောအရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ (၆၇.၉၅%) ခန့်ရှိသဖြင့် လူသားအရင်းအမြစ် ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွါးရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျေးရွာ၏ အဓိကဝင်ငွေလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သည်။ တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့်လျော့နည်းသည်။ မြေယာပိုင်ဆိုင်သောအိမ်ထောင်စုမှာ ၂၅%သာရှိပြီး ကျန် ၇၅%မှာ မြေယာမဲ့များဖြစ်ကြသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ ၈၀%သည် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများဖြစ်ကြပြီး ၃.၆၅%သည် ချမ်းသာသည့်အဆင့်၊ ၁၆.၂၆%သည် အလယ်အလတ်တန်းစားများဖြစ်သည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လျှပ်စစ်မီးလက်လှမ်းမှီမှု၊ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုနှင့် ဆည်ရေသွင်း၊ နွေစပါးစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာ၏ စီးပွားရေးအခြေအနေမှာ အသင့်အတင့် အနေအထားရှိသည်။ ချမ်းသာသောလယ်သမားအိမ်ထောင်စုများမှအပ အခြားလယ်သမားအိမ်

ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ အထည်ချုပ်စသော အသေးစားအိမ်တွင်းလုပ်ငန်းများ တွင် ပါဝင်လုပ်ကိုင်ကြသည်။ ငွေချေးပေးနိုင် သော အိမ်ထောင်စုအချို့ စီပီဝက်မွေးမြူရေးခြံပိုင်ရှင် နှင့် အစိုးရဝန်ထမ်း အိမ်ထောင်စုအချို့သည် ငွေရေးကြေးရေးအသင့်အတင့် အဆင်ပြေကြသည်။ ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများ ပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက် (၁၈၆)အိမ်ရှိပြီး (၇၅.၆)ထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်း အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု(၉)စုရှိပြီး အဓိကဝင်ငွေလုပ်ငန်းမှာ ကျပန်းနေ့စားလုပ်ငန်းများဖြစ်သည်။ အခြားထိခိုက်လွယ်သော သူများမှာ မိသားစုစောင့်ရှောက်မှု မရှိသော အိမ်ထောင်စုသက်ကြီးရွယ်အို (၄)ဦးရှိသည်။ ကျေးရွာ၏ပြင်ပသို့သွားရောက်ပြီး ဝင်ငွေ ရရှိရေးအတွက် အလုပ်သွားရောက်လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည် အရက်နှင့် မူးယစ် ဆေးဝါးသုံးစွဲမှုအန္တရာယ်ရှိတတ်ကြသည်။ ရန်ကုန်-ပြည်အဝေးပြေးကားလမ်းမကြီးဘေးတွင် တည်ရှိသောကြောင့် ယာဉ်မတော်တဆဖြစ်ပွားနိုင်သည်။ ကျေးရွာတွင် လယ်ယာမဲ့ဆင်းရဲအိမ်ထောင် စုများသည် ကျပန်းလုပ်ငန်းများကို လုပ်ကိုင်ကြရ၍ မိုးဆက်တိုက်ရွာသောနေ့များတွင် အလုပ် အကိုင်မရှိသောကြောင့် ဝမ်းစာဝယ်စားရန် အခက်အခဲနှင့် ကြုံတွေ့ရသည်။ ကျေးရွာတွင် ဝမ်းစာ ဖူလုံမှုစစ်တမ်းကောက်ယူရာတွင် အိမ်ထောင်စု (၃)အဆင့်မှ (၃၀%)၊ (၄)အဆင့်မှ (၃၀%)ကို တွေ့ ဆုံမေးမြန်းပြီး စစ်တမ်းကောက်ယူပါသည်။ ကျေးရွာတွင် လယ် (၅ ဧကမှ ၁၀ဧက)ကြား ပိုင်ဆိုင်သူ အနည်းစုသာ မိမိလယ်မှထွက်သောစပါးကို တစ်နှစ်လုံးသိမ်းပြီး ဝမ်းစာစပါးထားနိုင်ကာ ကျန် လယ်သမားအချို့နှင့် မြေယာမဲ့များမှာ လအနည်းငယ်သာ ထားနိုင်ပြီး တနေ့လုပ်အားခတစ်နေ့ စားခြင်းဖြင့်သာ မိသားစုစားဝတ်နေရေး ဖြေရှင်းကြရပါသည်။

### (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည်သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှု ရှိကြသည်။ နှစ်စဉ်မိုးရာသီတွင် မိုးသည်ထန်စွာရွာသွန်းမှုကြောင့် ရေနုတ်မြောင်းနှင့်ရိုး များ တိမ်ကောပိတ်ဆို့မှုကြောင့် ခြံဝင်းများအတွင်း ရေနစ်မြုပ်၍ ခြင်များပေါက်ဖွားရာမှ ကလေးသူ ငယ်များ

သွေးလွန်တုပ်ကွေးဖြစ်ပွားသည်။ လူငယ်၊ လူကြီးများတွင် မိုးရာသီတုတ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ မြို့ပြနှင့် အလှမ်းမဝေးသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ ကလေး သူငယ်များအပါအဝင် ယေဘုယျအားဖြင့် အာဟာရချို့တဲ့မှုမရှိကြပါ။ ကျေးရွာတွင် လက်နှိပ်အဝီစိ တွင်း မော်တာသုံး အဝီစိတွင်းများမှ မြေအောက်ရေကို အလွယ်တကူရရှိနိုင်ကြပြီး ဝမ်းပျက်၊ ဝမ်းလျှော၊ တိုက်ဖိုက်၊ အစာအိမ်ရောဂါအစရှိသော ရောဂါများ နည်းပါးကြောင်း တွေ့ရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသား အများစုသည်အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် (၄၂)ဦးရှိသည်။ ကျေးရွာတွင် အလယ်တန်းကျောင်း(ခွဲ)တည်ရှိပါသည်။ အထက်တန်းကျောင်းမှာ (၂)မိုင်ခန့်အကွာ ဖလုံကျေးရွာတွင် တည်ရှိပါသည်။ သို့သော် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများ မှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲ ဖြစ်သည်။

## (စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မတန်းတူ အခွင့်အရေးရှိကြပြီး လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာ ဆိုင်ရာတာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများကသာ ဦးဆောင်လုပ် ကိုင်လေ့ရှိသည်။ ဘာသာရေးအထိန်းအမှတ်၊ ယဉ်ကျေးမှုအစဉ်အလာထိန်းသိမ်းခြင်းတွင် (နွေရာသီ နှစ်ဆန်းရက် တရားပွဲများကျင်းပခြင်း)အမျိုးသားနှင့် အမျိုးသမီးများသည် ပူးပေါင်းဆောင်ရွက် ကြသည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းများတွင် မရေအတွက်မှာ၊ ကျားအရေအတွက် ထက် နည်းနေသော်လည်း ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အတူတူပင်ဖြစ်သည်။ လယ်ယာ လုပ်ငန်းခွင်နှင့် အခြားလုပ်ငန်းအချို့တိုင်းတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသမီးများထက် အမျိုးသားများက ပိုမိုရကြသည်။ ဒေသတွင် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များတွင် အမျိုး သမီးများ၏ အခန်းကဏ္ဍနည်းပါးနေသေးကြောင်း တွေ့ရသည်။ သက်ဆိုင်ရာဌာနများမှ အသိ ပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှ ဖွံ့ဖြိုးမှုတို့အတွက် ပိုမို အထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၃)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၂)ဖွဲ့နှင့်စီးပွားရေးဆိုင်ရာ (၁)ဖွဲ့တို့ရှိသည်။ ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်းများသည် ကျေးရွာပိုင်ပရိဘောဂများထူထောင်ထားပြီး အလှူ၊ မင်္ဂလာဆောင်များနှင့် နာရေးကိစ္စများတွင် ဝန်ဆောင်မှုပေးခြင်းဖြင့် ကျေးရွာရန်ပုံငွေကောက်ခံပါသည်။ မြန်မာ့အသေးစားငွေကြေးအဖွဲ့ကို ပြင်ပမှ ဖွဲ့စည်း ပေးထားပြီး အသေးစားငွေစုငွေချေးလုပ်ငန်းကို လည်ပတ်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာလျှပ်စစ်မီးလင်းရေးအဖွဲ့ကို ၂၀၁၁ ခုနှစ်တွင် ကိုယ်ထူကိုယ်ထမီးလင်းရေးဆောင်ရွက်ရန် ဖွဲ့စည်းခဲ့သည်။ ကျေးရွာရှိ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အကြားချိတ်ဆက်ဆောင်ရွက်မှု သဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရွက်မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါး၊ နွေစပါးနှင့် ဆောင်းသီးနှံ၊ မတ်ပဲ စိုက်ပျိုးခြင်းတို့ ဖြစ်သည်။ မိုးစပါးစိုက်ပျိုးမြေ (၄၇၁)ဧကရှိပြီး နွေစပါးဧက (၂၁၆)ဧကသာရှိပြီး ကျန်လယ်မြေဧက (၂၀၀)ကျော်မှာ မတျကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါး၊ နွေစပါးနှင့် ဆောင်းသီးနှံ၊ မတ်ပဲ စိုက်ပျိုးခြင်းတို့ ဖြစ်သည်။ မိုးစပါးစိုက်ပျိုးမြေ (၄၇၁)ဧကရှိပြီး နွေစပါးဧက (၂၁၆)ဧကသာရှိပြီး ကျန်လယ်မြေဧက (၂၀၀)ကျော်မှာ မတ်ပဲများစိုက်ကြသည်။ ပျမ်းမျှထွက်နှုန်း များမှာ မိုးစပါး (၆၀)တင်းနှုန်းနှင့် နွေစပါး (၈၅)တင်းနှုန်း၊ မတ်ပဲ (၅)တင်းနှုန်းတို့ ထွက်ရှိကြသည်။ သဲဆန်သော မြေများဖြစ်သောကြောင့် စပါးအထွက်နှုန်းမှာ အသင့်အတင်ဖြစ်သည်။ မိုးစပါး ရိတ်သိမ်းပြီးနောက် မြေအချို့ပေါ်တွင် နွေစပါး၊ မတ်ပဲတို့ကို စိုက်ပျိုးကြသည်။ ကျေးရွာတွင် စုစု ပေါင်းခိုင်းနွား (၅၆)ကောင်ကို အိမ်ထောင်စု (၃၀)မှ မွေးမြူကြပြီး၊ ဝက်အကောင်ရေ (၁၇၀)ကောင် ကို အိမ်ထောင်စု (၅၀)မှ မွေးမြူကြသည်။ ထို့နောက် အိမ်ထောင်စု (၇၅)စုမှာ ကြက်အကောင်ရေ (၅၆၆)ကောင် မွေးမြူကြပါသည်။ ကျန်အိမ်ထောင်စုများမှာ တစ်နိုင်တစ်ပိုင်လောက်သာ မွေးမြူ ကြသည်။ ဝက်များကို ရန်ကုန်နှင့် တိုက်ကြီးများသို့ တင်ပို့ရောင်းချကြသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာမှ လယ်ယာမဲ့အိမ်ထောင်စုများသည် မိသားစုဝင်ငွေရရှိရေးအတွက် စက်ချုပ်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းခွင့်၍ လက်သမား၊ ပန်းရံစသော နေ့စားလုပ်သားများအဖြစ် ဝင်ရောက်လုပ်ကိုင်ကြပြီး အမျိုးသမီးငယ်အချို့သည် အထည်ချုပ်လုပ်ငန်းစက်ရုံများတွင် အလုပ်လုပ်ကိုင်ကြသည်။ လက်လုပ်လက်စား အလုပ်သမားများမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များ ပြီးကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေ မမှန်ခြင်းကြောင့် ကျေးရွာအိမ်ထောင်စုအချို့မှ လူဦးရေ (၁၃၃)ဦးမှာ ပြည်ပသို့ သွားရောက်လုပ်ကိုင်ကြရသည်။

## (ဃ)သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် သဘာဝအလျောက်ပေါက်ရောက်သော သစ်ပင်များသည် ထင်းလောင်စာခုတ်ယူခြင်းကြောင့် သစ်တောပြုန်းတီးမှုနှင့် ရင်ဆိုင်နေရသည်။ သစ်တောဦးစီးဌာနမှ မိုးရာသီလမ်းဘေးသစ်ပင်စိုက်ပျိုးရေး ဆောင်ရွက်လေ့ရှိသော်လည်း၊ ကျွဲ၊ နွားများ လွှတ်ကျောင်းမှု ကြောင့် စိုက်ပျိုးပင်များ ပျက်စီးခြင်းနှင့် ကြုံတွေ့ရသည်။ စပါးစိုက်ပျိုးလယ်ယာမြေများကိုလည်း နှစ်စဉ်ဆက်တိုက်ဓါတ်မြေသြဇာများ အသုံးပြုခြင်း၊ ကောက်ရိုးဖတ်၊ နွားချေးနှင့် သစ်ရွက်ဆွေးစသော သဘာဝမြေသြဇာများ မထည့်သွင်းခြင်းကြောင့် မြေဆီလွှာများ အဆင့်အတန်းကျဆင်းလာကြောင်း တွေ့ရသည်။ စွန့်ပစ်ပစ္စည်းများဖြစ်ကြသော ပလပ်စတစ်အိပ်ခွံ၊ ပုလင်းခွံ၊ ဘူးခွံများကို စနစ်တကျမစွန့်ပစ်ကျသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းမြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ ဘတ္တရီရှော့တိုက်ငါးဖမ်းခြင်းကြောင့် ငါးမျိုးစိတ်များပြုန်းတီးပျောက်ကွယ်နိုင်၍ ဥပဒေနှင့်အညီ ထိရောက်စွာတားမြစ်ရန် လိုအပ်နေပါသည်။ ကျေးရွာ၏မြေနေအထား ကုန်းတွင်းဒေသဖြစ်သောကြောင့် အလွန်အကျွံ ရေလွှမ်းမိုးခြင်းမှ ကင်းလွတ်သည်။ မုန်တိုင်းဘေးအန္တရာယ်လည်းနည်းပါးသည်။ အခါအားလျော်စွာကျရောက်တတ်သော မိုးခေါင်ခြင်းသာ အန္တရာယ်အဖြစ်ရှိနေဆဲဖြစ်သည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် တိုက်ကြီးမြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေဝန်ဆောင်မှုရရှိပြီး တောင်သူလယ်သမားများအား စပါးသီးနှံတစ်ကေလျှင် ချေးငွေ ၁သိန်းခွဲကျပ်နှုန်း ရရှိကာ ချေးငွေကာလသည် (၆)လခန့်ဖြစ်၍ အတိုးနှုန်းမှာ (၁၀၀)လျှင် (၇၀)ပြားနှုန်းဖြစ်သည်။ နွေစပါးနှင့် မိုးစပါးနှစ်သီးစလုံး ချေးငွေရရှိပါသည်။ ကျေးရွာသမဝါယမအသင်းဖွဲ့စည်းထားပြီး မြို့နယ်သမဝါယမဌာနသည် အဖွဲ့ဝင်များကို ချေးငွေထုတ်ပေးပြီး အတိုးနှုန်းမှာ (၁၁.၅%)ဖြစ် သည်။ အချို့အိမ်ထောင်စုများမှာ ရွာထဲမှ ငွေတိုးချေးစားသူများထံမှ အတိုးနှုန်း ၁၀%ဖြင့် ၎င်းမိတ်ဆွေမိသားစုဝင်များထံမှ ချေးယူနိုင်ကြသည်။ ကျေးရွာသူ ရွာသားအများစုသည် ချေးငွေကို ကြောင်းရင်းမျိုးစုံ၊ ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေးတို့အတွက် ချေးယူကြသည်။ ကျေးရွာတွင် ချေးငွေလိုအပ် ချက်များပြားကြောင်း တွေ့ရှိရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် အလယ်တန်းကျောင်းခွဲရှိပါသည်။ ကျောင်းများမှာ (၆၀×၄၀×၁၂)ပေ (၂)ဆောင်နှင့် (၆၀×၃၀×၁၂)ပေ (၁)ဆောင်ရှိပါသည်။ သွပ်မိုး၊ အုပ်နံရံကာနှင့် အင်္ဂတေအခင်းများ ဖြစ်သည်။ ရွာသူရွာသားအားလုံး (၂.၈၁%) စာမတတ်သူဦးရေဖြစ်ကာ ၂.၆၉%သည် ဘုန်းကြီး ကျောင်းပညာရေးကို ရရှိထားကြသည်။ ယခုနှစ်ကျောင်းအပ်နှံသည့်နှုန်းထားသည် ကျေးရွာရှိ မူလအရွယ်အရေအတွက်ထက်ပိုနေကြောင်း တွေ့ရှိရကာ ၎င်းမှာမူလတန်းတွင် (၉)နှစ်အထိ ကျောင်းသားများရှိနေခြင်း၊ အနီးရပ်ကွက်ကျောင်းသား ကျောင်းသူများတက်ရောက်နေကြခြင်းကြောင့် ဖြစ်သည်။ အလယ်တန်းအရွယ်ရှိ ကျောင်းသားဦးရေသည် ကျေးရွာရှိလူဦးရေစာရင်းအောက် လျော့နည်းသွားရခြင်းအကြောင်းမှာ စီးပွားရေးအဆင်မပြေမှုကြောင့် ဖြစ်သည်။ ကျောင်းတွင်း ပရိဘောဂမလုံလောက်ခြင်း၊ ကျောင်းခြံစည်းရိုးပျက်ဆီးနေခြင်း ကျောင်းသားနှင့် ကျောင်းဆောင်မမျှတ၍ ကျောင်းဆောင်သစ်ပြုလုပ်ပေးခြင်းများလိုအပ်ပါသည်။ ကျောင်းတွင် ဆရာ(၂)ဦးနှင့် ဆရာ(၁၀)ဦး၊ စုစုပေါင်း (၁၂)ဦးရှိပါသည်။ ကျောင်းတွင် တပည့်ဆရာအချိုးသည် (၂၄:၂၅)အချိုးရှိပါသည်။ ထို့ကြောင့် ကျောင်းဆရာ၊ ဆရာမလုံလောက်ပါသည်။ ကျောင်းဖွင့်ရာသီတွင် ကျောင်းသားများအတွက် စာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့သည်။

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိပါသည်။ ထိုဆေးခန်းတွင် ကိုယ်ဝန်ဆောင်မိခင်များ နှင့် ခလေးများအတွက် သားဖွားဆရာမ(၂)ဦးရှိပါသည်။ လစဉ်ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခလေးငယ်များအား ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများ လုပ်ဆောင်ပေးပါသည်။ ရွာသူ၊ ရွာသားများသည် ကျေးရွာနှင့် (၉)မိုင်ကွာဝေးသော တိုက်ကြီးမြို့နယ်ဆေးရုံတွင်လည်း ဆေးကုသနိုင်ပါသည်။ ကျေးလက်ဆေးပေးခန်းရှိသော်လည်း ကျေးရွာအုပ်စုကျယ်ဝန်းမှုကြောင့် ကျန်းမာရေးမှူး မလုံလောက်ခြင်း၊ ဆေးဝါးများသည်လည်း ထိုက်သင့်သလောက်ရှိသော်လည်း တချို့ဆေးဝါးများမရှိပါ။ ဆေးပေးခန်းအတွင်း ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ မလုံလောက်ခြင်း စသည်တို့တွေ့ရှိရပါသည်။

သောက်ရေအတွက်လက်နှိပ်တုံကင်ရေနှင့် မော်တာသုံးရေတုံကင်များတပ်ဆင်သုံးစွဲကြပြီး လုံလောက်မှုရှိသည်။ ချမ်းသာသောအိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ်ထားကြပြီး ဆင်းရဲသောအိမ်ထောင်စုများက ဝါးရိုင်းဘတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သောရောဂါများနည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမလုံလောက်မှုကြောင့် အဆင်မပြေပါ။ ကျေးရွာမှ တချို့အိမ်ထောင်စုများသည် ပလပ်စတစ်အမှိုက်များ စနစ်တကျ စွန့်ပစ်မှုမရှိခြင်းကြောင့် ရေမြောင်းပိတ်ဆို့မှုများဖြစ်လျှက် ရှိသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် နေရာသီးသန့်မရှိပေ။ သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြသည်။ ဘာသာရေးပွဲတော်နှင့် နှစ်စဉ်အတာကြိုးနှစ်ဆန်း (၁)ရက်နေ့တွင် ပရိတ်တရားနာပွဲ၊ သက်ကြီးပူဇော်ပွဲများပြုလုပ်ကြသည်။ ကျေးရွာအချင်းချင်း ဘောလုံးပွဲများကျင်းပ၍ လူငယ်များအတွက် အားကစားစိတ်ဓါတ်မြှင့်တင်ပေးခြင်းစသော အားကစားနှင့် ယဉ်ကျေးမှုရိုးရာဓလေ့အစဉ်အလာသိမ်းခြင်းတို့ကို ဆောင်ရွက်ကြပါသည်။

**(ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာသည် မဟာဓါတ်အားလိုင်းနှင့် နီးကပ်စွာရှိပြီး (၂၀၁၁)ခုနှစ်က ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဆောင်ရွက်နိုင်ခဲ့သောကြောင့် လျှပ်စစ်မီးသုံးစွဲနိုင်ပါသည်။ ကျေးရွာအိမ်ထောင် စု (၂၄၆)စုအနက် (၁၁၅)အိမ်ထောင်စုသာ လျှပ်စစ်မီးသုံးစွဲနိုင်ပြီး ကျန် (၁၃၁)အိမ်ထောင်စုမှာ လျှပ်စစ်မီးသုံးစွဲနိုင်ခြင်းမရှိသေးပါ။ ကျေးရွာရှိ ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်သောကြောင့် မိုးအခါ၌ ရဟန်းသံဃာများ၊ သက်ကြီးရွယ်အိုများနှင့် ကျောင်းသူကျောင်းသားများ သွားလာရေး တွင်ခက်ခဲလျက်ရှိနေပါသည်။ ကျေးရွာတွင် ဆက်သွယ်ရေးတာဝါတိုင်များရှိသောကြောင့် ဆက်သွယ်ရေးကွန်ယက်လက်လှမ်းမှီခြင်းရှိပြီး အများစုသည် လက်ကိုင်ဖုန်းများ သုံးစွဲနိုင်ကြပြီး အချက်အလက်များရရှိကြပါသည်။

## (ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာသည် တိုက်ကြီးမြို့နှင့်နီးသောကြောင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေး အတွက် အဆင်ပြေမှုရှိသည်။ ဥတိုရဲကင်းနှင့်လည်း နီးသောကြောင့် အလွယ်ချိတ်ဆက်နိုင်ပြီး ကျေးရွာလုံခြုံရေးအတွက် အထောက်အကူပြုပါသည်။ အိမ်တိုင်းနီးပါး မိုးဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ပြီး လိုအပ်သော သတင်းအချက်အလက်များအတွက် လိုအပ်သလို ဆက်သွယ်နိုင်သည်။ ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွား ခြင်းနည်းပါးသည်။ တိုက်ကြီးမြို့ရဲစခန်းမှ နယ်ထိန်းရဲများမှ လုံခြုံရေးကင်းလှည့်ဆောင်ရွက် သော ဝန်ဆောင်မှုရရှိပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးသုံးစွဲမှုနှင့် အကြမ်းဖက်မှုတို့ မှာ သာမန်အဆင့်သာရှိပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

## (က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်း သက်သာသည့် လျှပ်စစ်မီးဖိုဖြင့်ချက်ပြုတ်ခြင်း၊ ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်ခြင်း၊ ရုပ်မြင်သံကြားမှ သတင်းအချက်အလက်များကို ကြည့်ရှုနိုင်ခြင်း စသော လူနေမှုအဆင့်အအတန်းမြင့်မားလာရေးအတွက် အထောက်အကူပြုပါသည်။ ကျေးရွာသည် ရန်ကုန်-

ပြည်ကားလမ်းမကြီးဘေးတွင် တည်ရှိသောကြောင့် မြို့ပြလုပ်သားဈေးသို့ ဝင်ရောက်သွားလာရန် အခွင့်အလမ်းကောင်းများ လုပ်ကိုင်နိုင်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး သွင်းအားစုများ၊ ထုတ်ကုန်များအတွက် သယ်ယူပို့ဆောင်ရေး အထောက်အကူပြုပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များကိုလည်း ရန်ကုန်၊ မှော်ဘီ၊ တိုက်ကြီးဈေးကွက်သို့ တိုက်ရိုက် ရောင်းဝယ်မှုများ ပြုလုပ်နိုင်ပါသည်။ သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်သည်။ မြေဆီသြဇာအတော်အသင့်ကောင်းမွန်သည်။ မိုးရွာသွန်းမှုမှာ စပါးနှင့် ဆောင်းသီးနှံများ စိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။ ကျေးရွာတွင် တဘူးလှဆည်မှ နွေစပါး(၂၁၆)ဧကအတွက် ရေသွင်းစိုက်ပျိုးနိုင်သည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိလယ်မြေမှာ မြေဆီလွှာကောင်မွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။ ကျေးရွာသည် မြို့ပြနှင့် နီးသောကြောင့် လက်ရှိစိုက်ပျိုးမြေဧရိယာအပြင် တိုးချဲ့ရန်မြေနေရာမရှိတော့ပါ။ ထို့ကြောင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။ ထို့အပြင် ပိုးသတ်ဆေးအချို့ကို ခံနိုင်ရည်ရှိသော ဖျက်ပိုးများလည်းကျရောက်တတ်သည်။ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးပတ်သတ်၍ ထိရောက်စွာအကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံ ပိုးမွှားနှိမ်နင်းနိုင်ရေး အထောက်အပံ့ရရှိရန် လိုအပ်ပေးသည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာမြင့်မားသည် ဘဏ်များမှ ကျေးရွာအရောက်ဝန်ဆောင်မှုပေးသော စနစ် မရှိဘဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွားရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှ ငွေးချေးရန် စာရွက်စာတန်းလိုအပ်ချက်များ ဖြည့်စွက်ရာတွင် အခက်အခဲများရှိပါသည်။ ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းအတွက် ကုန်ကြမ်း၊ အတတ်ပညာ၊ အထိအတွေ့ အားနည်းပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီနှင့် ရွာသူ/ရွာသားများကိုယ်တိုင် တိုင်ပင်ညှိနှိုင်းပြီး လာမည့်(၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာသူ/သားများသည် စိုက်ပျိုး/မွေးမြူရေးကဏ္ဍများတွင် နည်းပညာများလေ့လာစည်းပူးခြင်း၊ မျိုးကောင်းမျိုးသန့်လေ့လာအသုံးပြုခြင်းဖြင့် ဝင်ငွေများကို ပိုမိုရှာနိုင်ခြင်း၊ ကုန်ထုတ်လုပ်မှုမြှင့်တင်နိုင်ရန် ကြိုးစားခြင်းအလုပ်အကိုင်များ ဖန်တီးခြင်း၊ ၎င်းနှင့်စပ်လျဉ်းသော သက်မွေးဝမ်းကြောင်းပညာများကို သင်ယူခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်း မြှင့်တင်ပြီး စီးပွားရေးအနေအထား တိုးတက်စေရမည်။

က.၂) ကျွန်ုပ်တို့ရွာသူ/သားများ စာတတ်မြောက်မှုနှင့် ပညာရေးအဆင့်မြင့်မားရေးအတွက် ကျောင်းများတွင် သင်ထောက်ကူပစ္စည်းများကို ပြည့်စုံအောင်ဖန်တီးပေးခြင်းအားဖြင့် ကလေးများ၏ ပညာ ရေးအဆင့်အတန်းမြင့်မားလာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာသူ/သားများသည် ကျေးရွာရှိ ဆေးပေးခန်းတွင် အထောက်အကူပြုပစ္စည်းများကို ပြည့်စုံအောင် ဖန်တီးခြင်းဖြင့် ကျေးရွာ၏ ကျန်းမာရေးကောင်းမွန်လာစေရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီကိုဖွဲ့စည်းပြီး ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကူညီပံ့ပိုးမှုကိုရယူပြီးလျှင် ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ ရင်းနှီးငွေရရှိနိုင်ရန် အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းနှီးငွေရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူ စိုက်/မွေးနည်းပညာများ ထွန်းကားလာရေးအတွက်

သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများ က တဖန်ကျေးရွာအတွက် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုပ်လုပ်မှုတိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်စသော သင်တန်းများတက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ကျွမ်းကျင်မှုများရရှိလာပါ က ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့် ချိတ်ဆက်ပေး မည်။

ခ.၃) ကျေးရွာတွင် ကျေးရွာ၏ အခြေခံအဆောက်အဦးများဖြစ်သော ရွာတွင်းလမ်းများနှင့် ရွာလုံး ကျွတ်မီးလင်းရေးတို့ကို အဓိကထားပြီး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ကာ ကောင်းမွန်တိုး တက်အောင် ဆောင်ရွက်သွားမည်။ တချိန်တည်းတွင် ကျေးရွာ၏ အဆောက်အအုံများကို ထိန်းသိမ်း ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားမည်။ လုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

ခ.၄) ကျေးရွာတွင် စာသင်ကျောင်းဆောင်တိုးချဲ့ရေး၊ ကျောင်းခြံစည်းရိုးပြုပြင်ရေးနှင့် ပညာသင် ထောက်ကူပြုပစ္စည်းများပြည့်စုံရေးတို့ကို ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်သွားမည်။ ကျေးရွာတွင် ကျန်းမာရေးကော်မတီဖွဲ့စည်းပြီး မြို့နယ်ကျန်းမာရေးဌာနများနှင့် ချိတ်ဆက်ကာ ကျန်းမာရေးအစီအစဉ်များရရှိရေးနှင့် ကျန်းမာရေးအဆင့်အတန်းမြင့်တက်အောင် ဆောင်ရွက်မည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေး ဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြု ချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသ ဆိုင်ရာအဆင့်၊

ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့ အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များ ကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီး သည့်အချက် မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင် ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊**

ကျေးရွာတွင် စပါးအပြင် မတ်ပဲကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုး ထိရောက်စွာ နှိမ်နင်းရေး အတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာ ဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန် ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေး အချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေ သည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နင်းရေး နည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုး ရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီး များအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့်

လယ်သမားနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစား စီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်းဖွဲ့စည်းထားခြင်းမရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ်သူ ရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

## (ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်း စေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

ကျေးရွာတွင်းလမ်းများသည် အကျယ်အဝန်းအားဖြင့် (၁၈)ပေ၊ (၂၀)ပေခန့်သာ ရှိသော်လည်း မြေသားလမ်းများဖြစ်ပြီး မြေမျက်နှာသွင်ပြင်မှာ ခြံမြေများထက် နိမ့်ကျသောကြောင့် မိုးအခါတွင် ရေများဝပ်ခြင်း၊ ရွံ့နွံများထူပေါခြင်းတို့ကြောင့် ရဟန်းသံဃာများ ဆွမ်းခံကြွသည့်အခါ နှင့် သက်ကြီးရွယ်အို၊ ရပ်မိရပ်ဖများ ဦးပုဒ်သီတင်းဆောက်တည်ရန်သွားလာရေးနှင့် ကျောင်းသားသူငယ်များ ကျောင်းသွားကျောင်းပြန်အခါများတွင် အခွန်ခက်ခဲနေပါသည်။ မိုးအခါ စိုက်ပျိုးရေး၊ မွေးမြူရေးအတွက် သွင်းကုန်ထုတ်ကုန်များပြုလုပ်ရာတွင် ခက်ခဲနေပါသည်။ ဤအခက်အခဲများကို

ဖြေရှင်းရန်အတွက်မှာလည်း ကျေးရွာရှိ ရွာသူရွာသားများ၏ ဆင်းရဲနွမ်းပါးမှုနှင့် ရန်ပုံငွေများ တည်ဆောက်ထားခြင်းမရှိ၊ သက်ဆိုင်ရာဌာနများနှင့်လည်း ချိတ်ဆက်မှုအားနည်းသောကြောင့် ပြုပြင်ရန် အဟန့်အတားများ ကြုံတွေ့ရသည်။ ကျေးရွာတွင် မဟာဓါတ်အားလိုင်းအသုံးပြု၍ မီးလင်းရေးဆောင်ရွက်နေသော်လည်း ကျန်အိမ်ထောင် (၁၃၁)အိမ် မီးမရရှိသေးပါ။ အကြောင်းမှာ အိမ်ထောင်စုဝင်များ ဆင်းရဲနွမ်းပါးမှုကြောင့်ဖြစ်သည်။ ထိုမီးမရရှိသေးသော မိသားစုဝင်နေအိမ် များ မီးလင်းရေးအတွက် ရန်ပုံငွေအထောက်အပံ့ လိုအပ်လျက်ရှိပါသည်။ ၎င်းပြဿနာများကို ဖြေရှင်းရန်အတွက်မှာ သက်ဆိုင်ရာဌာနများမှ နည်းပညာများနှင့် အထောက်အပံ့များရယူ၍ ဖြေရှင်းသွား ရန် လိုအပ်ပါသည်။ ပြုပြင်ဆောင်ရွက်ပြီးစီးသွားလျှင်လည်း ကျေးရွာသူ/သားများအတွက် အကျိုး ခံစားမှု ရရှိစေနိုင်ပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများ ဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ)ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည် စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification) –ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classifi -cation) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ် အဆင့်

ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာအတွင်းလမ်းများ ပြုပြင်၍ ကျောက်ချောလမ်းခင်းခြင်း | ၁ | ✔ | ✔ | | | |
| ၂ | သီးနှံတိုးတက်ထုတ်လုပ်နိုင်ရေး အတွက် မျိုးကောင်းမျိုးသန့် ရရှိနိုင်ရေးနှင့် ပညာဝန်ဆောင်မှုများ လက်လှမ်းမီဆောင်ရွက်ခြင်း -ကျေးရွာ၏တောင်ဘက်တွင်ရှိသော ပွဲစားရိုးတူးဖော်ခြင်း | ၂ | ✔ | ✔ | ✔ | ✔ | ✔ |
| ၃ | ကျေးရွာတွင်းရှိ ကျန်ရှိနေသော အိမ်ခြေ(၁၃၁)အိမ် မီးလင်းရေး | ၃ | | ✔ | ✔ | | |
| ၄ | ဘဏ်များ၊ ငွေကြေးဝန်ဆောင်မှုအဖွဲ့ များနှင့် ချိတ်ဆက်ခြင်း | ၄ | ✔ | ✔ | ✔ | ✔ | ✔ |
| ၅ | စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းအခွင့်အလမ်းများ အား လက်လှမ်းမီမှု တိုးတက်အောင် ဆောင်ရွက်ခြင်း | ၅ | | | ✔ | ✔ | ✔ |
| ၆ | ကျေးရွာအဖွဲ့အစည်းများ စွမ်းဆောင် ရည်မြှင့်တင်ခြင်း | ၆ | ✔ | ✔ | ✔ | ✔ | ✔ |
| ၇ | ကျောင်းဆောင်သစ်တိုးချဲ့ရေးနှင့် | ၇ | | ✔ | ✔ | | |

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| | ပညာရေးဆိုင်ရာသင်ထောက်ကူ ပစ္စည်း ပြည့်စုံလာစေရေး | | | | | | |
| ၈ | ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီမှုနှင့် တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ခြင်း | ၈ | ✔ | ✔ | ✔ | ✔ | ✔ |
| ၉ | တနိုင်တပိုင်နှင့် စီးပွားဖြစ်မွေးမြူနိုင်တပိုင်နှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ခြင်း | ၉ | ✔ | ✔ | ✔ | ✔ | ✔ |
| ၁၀ | လူငယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အားကစားဆိုင်ရာ အခြေခံအဆောက်အဦးပြုပြင်တည်ဆောက်ရေး | ၁၀ | ✔ | ✔ | ✔ | ✔ | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက် ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံ | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) |
|---|---|---|---|

| | | ငွေ | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်း စာနာမှု အထောက်အပံ့ |
|---|---|---|---|---|---|---|
| ၁ | ပို့ဆောင်ရေး အခြေခံ အဆောက်အဦ များ တိုးတက်လာစေရေး | | | | | |
| ၂ | ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး | | | | | |
| ၃ | ဆိုလာမီးရရှိရေး ချိတ်ဆက် ဆောင်ရွက်ရေး။ | | | | | |
| ၄ | သင့်တင့်သော အတိုးနှုန်းဖြင့် ကာလ ရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး | | | | | |
| ၅ | ကျေးရွာ၏ပညာတတ်မြောက်မှု တိုးတက်ရေး | | | | | |
| ၆ | ကျေးရွာ၏ သောက်သုံးရေ ကိစ္စ အဆင်ပြေစေရေး | | | | | |
| ၇ | လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင်ပေးရေး | | | | | |
| ၈ | စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟု သုတ၊ ကျွမ်းကျင်မှုများတိုးတက်ရေး | | | | | |
| ၉ | အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး။ | | | | | |
| ၁၀ | အလုပ်အကိုင် အခွင့်အလမ်းများပြားလာစေရေး | | | | | |
| ၁၁ | မွေးမြူရေးလုပ်ငန်းဆိုင်ရာ တိုးတက်ရေး | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံး အကောင် အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်းလယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှု ဆိုင်ရာ အကူအညီ များရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏

အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ကတာဝန်ပေးထားသောအဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက်

လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖေါ်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင်ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့ကမိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦးသတင်းအချက်အလက်များ ရရှိအောင်ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့်အညွှန်းကိန်းများဖြစ်ပါမည်။ (၃) လပတ် ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏

ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ်ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသောအခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဉက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂-၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များစသည်တို့ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများ ကိုအောက်ပါ

အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာကဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

### (ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

**နောက်ဆက်တွဲ (၁)**

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစု ပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၉ | ၈ | ၁၇ | ၁.၆၃ |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၃၆ | ၂၅ | ၆၁ | ၅.၈၇ |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၄၄ | ၂၆ | ၇၀ | ၆.၇၄ |

| အသက်အုပ်စု | | ကျား | မ | စုစု ပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၉ | ၃၇ | ၈၆ | ၈.၂၈ |
| ၁၅ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၂၄ | ၃၈၂ | ၇၀၆ | ၆၇.၉၅ |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၄၅ | ၅၄ | ၉၉ | ၉.၅၃ |
| **စုစုပေါင်း လူဦးရေ - ၁၀၃၉** | | **၅၀၇** | **၅၃၂** | **၁၀၃၉** | **၁၀၀** |
| **စုစုပေါင်း အိမ်ထောင်စု - ၂၄၆** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄.၂၂%** | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆) မှ ရယူပါသည်။ ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၄၆)အိမ်ရှိပြီး စုစုပေါင်းလူဦးရေ (၁၀၃၉)ယောက်ရှိပါသည်။ နို့စို့အရွယ်ကလေးနှင့် (၅)နှစ်အောက်ကလေးငယ်စုစုပေါင်းမှာ ကျေးရွာ လူဦးရေ၏ (၇.၅၀%)သာရှိပြီး မူလတန်းကျောင်းနေရွယ်မှာ ကျေးရွာလူဦးရေ၏ (၆.၇၄%)သာရှိပြီး အလယ်တန်းကျောင်းနေအရွယ်မှာ (၈.၂၈%)သာရှိပြီး အလုပ်လုပ်နိုင်သည် ၁၅ နှစ်မှ ၆၀ နှစ်အရွယ် မှာ စုစုပေါင်းလူဦးရေ၏ (၆၇.၉၅%)ရှိပြီး ကျေးရွာ၏ လူအများစုလူဦးရေအများဆုံးဖြစ်ပြီး အလုပ် လုပ်နိုင်သူပေါများသောကြောင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုပါ သည်။ အလုပ်မလုပ်နိုင်သော လူဦးရေမှာ ကျေးရွာလူဦးရေစုစုပေါင်း၏ (၃၂.၀၅%)သာရှိပါသည်။ ကျေးရွာ၏ တစ်ထောင်ပျှမ်းမျှလူဦးရေမှာ (၄.၂၂%)သာရှိသဖြင့် နိုင်ငံတော်မှ သတ်မှတ်ထားသော တစ်အိမ်ထောင်ပျှမ်းမျှလူဦးရေ (၅)ဦးနှုန်းအောက်သို့ လျော့ကျနေသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် နောင်လာမည့် (၅)နှစ်တာကာလတွင် ကျွန်တော်တို့ရွာ၏ အခြေအနေမှာ ပိုမိုတိုးတက် လာနိုင်ချေရှိပါသည်။

## (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | | မိသားစု ဝင် လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၀ | ၂၄.၃၉ | ၆၆ | ၁ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | ၁.၂၁ | ၄ | - | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၀.၈၁ | ၃ | - | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၄၀ | ၁ | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |

| စဉ် | လုပ်ငန်းများ | | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | မိသားစုဝင် လုပ်အား | | |
| **၇** | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉ | ၃.၆၅ | ၁၀ | ၂ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ၀.၄၁ | ၁ | | | |
| **၈** | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| **၉** | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| **၁၀** | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၂ | ၁၃.၀၀ | ၄၄ | ၂ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| **၁၁** | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| **၁၂** | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈ | ၃.၂၅ | ၈ | - | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| **၁၃** | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | | | |

| စဉ် | လုပ်ငန်းများ | အိမ်ထောင်စု | အဓိက အလုပ်အကိုင် % | | မိသားစုဝင်လုပ်အား | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | ရာသီအလိုက် အလုပ်သမား | | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ပွဲစားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | လုံခြုံရေး |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၆ | ၂.၄၃ | ၆ | ၉ | | |
| ၁၆ | **ပညာရေး** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄ | ၁.၆၃ | ၅ | ၉ | | |
| ၁၇ | **ကျန်းမာရေး** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၉၂ | ၃၇.၄၀ | ၁၀၇ | ၂ | - | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂၈ | ၁၁.၃၈ | ၄၃ | ၉၀ | | |
| | **စုစုပေါင်း** | | **၁၀၀** | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆)မှ ရယူပါသည်။

အထက်ပါဇယားကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ကျေးရွာတွင် အသက်(၁၅နှစ်-၆၀နှစ်)ကြား အလုပ်လုပ်ကိုင်နိုင်သူဦးရေ များပြားပြီး၊ ကျပန်းအလုပ်သမားများသာ များပြားကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ကျပန်းအလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ လိုအပ်လျက်ရှိကြောင်း တွေ့ရှိရသည်။

### (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၂၅၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၄၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၂၀၀၀ | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | | | | | |
| ၄ | သစ်တောထွက်ပစ္စည်းများ ... | | | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| | ထုတ်လုပ်ခြင်း | | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆)မှ ရယူပါသည်။

အထက်ပါဇယား၏ အခြေအနေကို ကြည့်ခြင်းအားဖြင့် လုပ်အားဖြင့် လုပ်အားခဝင်ငွေမှာ မဆိုးသော်လည်း ပုံမှန်အလုပ်ရရှိရန်အတွက် ခက်ခဲပါသည်။

**(၁.၃) သဘာဝ ရင်းမြစ်များ**

**(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့** | **ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)** | **ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)** |
|---|---|---|---|---|
| လယ်မြေ | ၄၇၁ | သင့် | ရ | တဘူးလှဆည်/၂၁၆ |
| ယာမြေ /တောင်ယာ | | | | |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | | | | |
| ရွှေ့ပြောင်းတောင်ယာ မြေ | | | | |
| ကိုင်း/ကျွန်းမြေ | ၃၁ | သင့် | မရ | - |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| အခြား | | | | |
| **စုစုပေါင်း** | | | | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**မှတ်ချက်**။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု အခြေအနေကို ကျေးရွာတွင်းရှိ လယ်သမားများနှင့် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့များ၊ ဆွေးနွေးခြင်းမှ မြေဆီလွှာအခြေအနေများ၊ ရေရရှိမှုများ ကို သိရှိရပါသည်။

မိုးစပါးအထွက်နှုန်းမှာ ပျှမ်းမျှ (၆၀%)ခန့်ထွက်ရှိပြီး နွေစပါးအထွက်နှုန်းမှာ ပျှမ်းမျှ (၈၀%)ခန့် ထွက်ရှိသည်။ ထို့ကြောင့် မြေဆီလွှာအနေအထားမှာ သင့်တင့်ကြောင်း တွေ့ရှိရပါသည်။

## (၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| **အမျိုးအစား** | **ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)** | **လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)** |
|---|---|---|

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |
| အခြား ရင်းမြစ်များ | နည်း | ခက် |
| **အခြားသဘာဝရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | သင့် | လွယ် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | များ | လွယ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆)မှ ရယူပါသည်။

စပါးစိုက်ပျိုးသော ဒေသဖြစ်၍ နွားစာပေါများသည်။ သစ်တောနှင့်ဝေးပြီး ဆေးဘက်ဝင် အပင်များမရရှိ၊ သုံးစွဲသည့် အလေ့အထမရှိပါ။

## (၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၁၅ဧကထက် | ၅ဧက-၁၀ဧက | ၅ဧကအောက် | မြေယာမရှိ တနေ့လုပ်တနေ့စား |
| အိမ်အခြေအနေ | တိုက်ခံ | သွပ်မိုး၊ ပျဉ်ထောင် | ထရံကာ၊သွပ်မိုး | သက်ကယ်၊ ထရံ |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ချွေလှေ့စက်၊ နွား၊ ထွန်စက်၊ လက်တွန်းထွန်စက် | နွား၊ လှည်း၊ လက်တွန်းထွန်စက် | မရှိ | မရှိ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ဆိုင်ကယ်၊ တီဗီ၊ ရေခဲသေတ္တာ | ဆိုင်ကယ်၊ တီဗီ၊ ရေခဲသေတ္တာ | အချို့လျှပ်စစ်မီး ရှိ၊ ဆိုင်ကယ် | အချို့စက်ဘီးရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး ကား | စိုက်ပျိုးရေ တနိုင်မွေးမြူရေး | စိုက်ပျိုးရေး တနိုင်မွေးမြူရေး | ဝင်ငွေရသေချာ လုပ်ခရမှုချက်စား |
| အခြားပိုင်ဆိုင်မှု | | | | |
| အိမ်ထောင်စု - | ၉ (၃.၆၅ %) | ၄၀ ( ၁၆.၂၆ %) | ၁၆၁ (၆၅.၄၄%) | ၃၆ (၁၄.၆၃%) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆)မှ ရယူပါသည်။

ဤဇယားကွက်ကိုကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့ရွာ၏ ဉစ္စာဓနအခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စုမှာ (၂၀%)သာရှိပြီး၊ ဆင်းရဲအိမ်ထောင်စုမှာ (၈၀%)အထိမြင့်မားကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် သင့်တော်သောအလုပ်အကိုင်အခွင့်အလမ်းများနှင့် အသက်မွေးဝမ်းကြောင်း အတတ်ပညာများသင်ကြားပေးရန်အတွက် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဉစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **အိမ် ထောင်စု%** | **ဖြေရှင်းသည့်နည်းဗျူဟာ** |
|---|---|---|---|
| ၃ လအောက် | ၃၀ | ၅၁ | စာရင်းငှား၊ ကောက်စိုက်ကောက်ရိတ်၍စားသောက် |
| ၃ လနှင့် ၆ လအောက် | ၂၀ | ၃၄ | လယ်ကေအနည်းငယ်ရှိ၍ဖြေရှင်းစားသောက် |
| ၆လ မှ ၁၂ လ အထိ | ၉ | ၁၅ | လယ်၅ကေခန့်ပိုင်ဆိုင်၍ ဝမ်းစာဖူလုံစားသောက် |

ရင်းမြစ်..ဉစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆)မှ ရယူပါသည်။

ကျေးရွာတွင် ဝမ်းစာဖူလုံမှုစစ်တမ်း ကောက်ယူရာတွင် အိမ်ထောင်စု (၄)အဆင့်မှ (၃၀%) ၊ (၃)အဆင့်မှ (၃၀%)ကို တွေ့ဆုံမေးမြန်းပြီး စစ်တမ်းကောက်ယူပါသည်။ ကျေးရွာတွင် လယ်မြေ (၅ ဧကမှ ၁၀ ဧက)ကြားပိုင်ဆိုင်သူ အနည်းစုသာ မိမိလက်မှ ထွက်ရှိသောစပါးကို တစ်နှစ်လုံးသိမ်းဆည်းပြီး ဝမ်းစာစပါးအဖြစ် ထားနိုင်ကာ ကျန်လယ်သမားအချို့နှင့် မြေယာမဲ့များမှာ လအနည်းငယ်သာထားနိုင်ပြီး တနေ့လုပ်အားခတနေ့စားခြင်းဖြင့်သာ မိသားစုစားဝတ်နေရေးကို ဖြေရှင်းကြရပါသည်။

## (၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | ၁ | ၃ | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၉ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆)မှ ရယူပါသည်။

ကျေးရွာတွင် လူဦးရေတစ်ထောင်ကျော်ရှိသည့်အနက်မှ ဖော်ပြပါအထက်ဇယားတွင်ရှိ (၁၃) ဦးသည် အထူးထိခိုက်လွယ်မှုအခြေအနေတွင် ရှိနေပါသည်။ ထို့ကြောင့် ဤသူတို့၏ ကျန်းမာရေးအခြေအနေနှင့် ဝမ်းစာဖူလုံရေးအတွက် သက်ဆိုင်ရာဌာနများမှ အကူအညီလိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။

## (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | နိမ့် | စပါးထွက်-ရန်ကုန်မြေကားလမ်းဘေးရှိ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | မြင့် | စိုက်ပျိုးမြေတိုးချဲ့ရန်မရှိ/ရေရရှိ သဘာဝ အရင်းအမြစ်မထွက်ရှိ |
| ၃ | ရေကြီးခြင်း | လတ် | မိုးကြီးလျှင် အချို့ခြံမြေရေကြီး |
| ၄ | မိုးခေါင်ခြင်း | နိမ့် | ပျှမ်းမျှမိုးရေချိန် ၈၀-၁၀၀ ကြား |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | အပူအအေး မျှတမှုမရှိခြင်း |
| ၆ | မုန်တိုင်း | နိမ့် | မကြုံဖူးပါ |
| ၇ | လျှော | နိမ့် | ကြီးမားသောလျှော မကြုံဖူး |
| ၈ | မီးဘေး | နိမ့် | ကြီးမားသော ပျက်စီးမှုမရှိ |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | မြစ်၊ ပင်လယ်နှင့် မနီး |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | လတ် | နွားချေး၊ မြေဆွေးရရှိမှုနည်းခြင်းကြောင့် မြေဆီလွှာပျက်ဆီး |
| ၁၁ | သစ်တောပြုန်းတီးခြင်း | နိမ့် | သစ်တောမရှိ၊ ခုတ်ယူခြင်းမရှိ |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | ခြင်ထောင်သုံးစွဲ အိပ်စက် |
| ၁၃ | တီဘီရောဂါ | နိမ့် | အစိုး ရစီမံချက်ဖြင့်တိုက်ဖျက် |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | HIV ကူးစက်ခံရဖူးသူမရှိ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | နယ်မြေအေးချမ်းမှုရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် | ဝက်တုပ်ကွေး၊ နွားများ ခွာနာ၊ လျှာနာ ရောဂါအဖြစ်များ |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | နယ်စပ်ဒေသနှင့်မနီး |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | ရန်ကုန်-ပြည်ကားလမ်းမဘေးတွင်တည်ရှိ |
| ၁၉ | အခြား | နိမ့် | မရှိ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆)မှ

ရယူပါသည်။

## (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | အရက်၊ မူးယစ်သေစာစားသုံးရန်လွယ်ကူ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | မိုးရာသီအလုပ်ရှားပါးချိန်တွင် စားနပ်ရိက္ခာအခက်အခဲရှိ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | အလုပ်အကိုင်ရှားပါး-ကုန်ဈေးနှုန်းမတည်ငြိမ် |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | နိမ့် | သဘာဝဘေးဆိုးရွားစွာ မကြုံဖူးပါ။ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | မြစ်နှင့်ဝေး |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများ သောနေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | ရန်ကုန်-ပြည်ကားလမ်းနံဘေးတွင်တည်ရှိ၍ တစ်ခါတစ်ရံယာဉ်မတော်တဆဖြစ်နိုင် |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်း ခံရသူများ (IDP) | နိမ့် | မရှိ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | မိုးကြီးလျှင်အချို့ခြံမြေများရေကြီးရေလျှံ |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | မရှိ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | ပုံမှန်ဝင်ငွေမရှိ-စားနပ်ရိက္ခာမဖူလုံ |
| ၁၁ | လူနည်းစုလူမျိုးများ | - | - |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ | - | - |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | - | - |
| ၁၄ | ရွှေတွင်းလုပ်သား | - | - |
| ၁၅ | ဆေးစွဲသူများ | - | - |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | - | - |
| ၁၇ | လှည့်လည်သွားလာ၍စျေးရောင်းသူများ | နိမ့် | ပတ်ဝန်းကျင်ကျေးရွာသို့ အရောင်းအဝယ်ပြုခြင်း အနည်းငယ်ရှိ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | - | - |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | လတ် | ပြည်ပသို့သွားရောက်လုပ်ကိုင်သူရှိ ကူညီအဖွဲ့နည်း |
| ၂၀ | ကားသမား | နိမ့် | ကျေးရွာပတ်ဝန်းကျင်တွင်သာ ကားမောင်း |
| ၂၁ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆)မှ ရယူပါသည်။

ကျေးရွာသည် ရန်ကုန်-ပြည်ကားလမ်းမကြီးနံဘေးတွင် တည်ရှိနေသောကြောင့် တစ်ခါတရံ ယာဉ်မတော်တဆမှုများဖြင့် ကြုံတွေ့ရနိုင်ပါသည်။ ရွာတောင်ဘက်ရှိ ပွဲစားရိုးသည် ကောနေပါ သဖြင့် မိုးကြီးလျှင် ရိုးဘေးရှိအိမ်ခြံများအတွင်းသို့ ဝင်ရောက်ပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း | အမျိုး | အဖွဲ့ဝင်ဦးရေ | လုပ်ငန်း တာဝန် | ဦးဆောင် | စွမ်း |
|---|---|---|---|---|---|---|

| | အမည် | အစား (၁/၂/၃) | ကျား | မ | ပေါင်း | | ဖွဲ့စည်းသူများ (၄/၅) | ဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| ၁ | တွဲကူလက်များ ပရဟိတအဖွဲ့ | ၂ | ၃၀ | ၂၀ | ၅၀ | ကူညီစောင့်ရှောက် | ၄ | ၇ |
| ၂ | ဓမ္မစကြာအဖွဲ့ | ၃ | - | ၂၁ | ၂၁ | ဝတ်ရွတ် | ၄ | ၇ |
| ၃ | ဂေါပကအဖွဲ့ | ၃ | ၁၀ | - | ၁၀ | ဝေယျာဝစ္စ စီမံခန့်ခွဲ | ၄ | ၇ |
| ၄ | မိဘဆရာအသင်း | ၂ | ၉ | | ၉ | ပညာရေးဝန်ဆောင် | ၄ | ၇ |
| ၅ | ကျေးရွာမီးလင်းရေးကော်မတီ | ၂ | ၈ | | ၈ | မီးလင်းရေး | ၄ | ၇ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေးကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေးကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆)မှ ရယူပါသည်။

## (၂.၁.၂)　ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | သမဝါယမအဖွဲ့အစည်း | ၄ | ချေးငွေထုတ်ပေးခြင်း |
| ၂ | | | |
| ၃ | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁)　ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂)　အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃)　အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄)　ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅)　ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆)　ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇)　ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။**　။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆)မှ ရယူပါသည်။

ကျေးရွာတွင် ပြင်ပမှဖွဲ့စည်းပေးသော သမဝါယမအဖွဲ့သာရှိပါသည်။ ၎င်းအဖွဲ့မှာ

ကာလတိုချေးငွေဝန်ဆောင်မှုပေးပါသည်။

## (၂.၂)　စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

## (၂.၂.၁)　သီးနှံထုတ်လုပ်ရေး

## (၂.၂.၁.၁)　စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၈၆ | ၇၅.၆ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၂ | ၀.၈၁ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၆ | ၂.၄၃ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၄၆ | ၁၈.၇၀ | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၆ | ၂.၄၃ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၂၄၆** | **၁၀၀** | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆)မှ ရယူပါသည်။

အထက်ဖော်ပြပါ ဇယားကိုကြည့်ခြင်းအားဖြင့် ကျေးရွာတွင် မြေယာပိုင်ဆိုင်သော အိမ်ထောင်စုမှာ (၂၅%)ခန့်သာရှိ၍ ကျန် (၇၅%)မှာ မြေယာမဲ့များဖြစ်ကြသည်။ ထို့ကြောင့် မြေယာမဲ့ အိမ်ထောင်စုများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် ဦးစားပေးလိုပါသည်။

## (၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | အစိုးရ | ၂၁၆ | ရာသီအလိုက် | ရှိ |
| ၂ | ရေလွှဲဆည် | | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | | | | |
| ၄ | အဝီစိတွင်း | | | | |
| ၅ | လက်ငင် ရေတွင်း | | | | |

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ကေ | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၆ | စိမ့်စမ်းရေ | | | | |
| ၇ | ချောင်းရေ | | | | |
| ၈ | အခြား | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆)မှ ရယူပါသည်။

အထက်ဖော်ပြပါ ဇယားကိုကြည့်ခြင်းအားဖြင့် ကျေးရွာတွင် လယ်(၄၇၁)ဧကရှိသည့် အနက်မှ လယ် (၂၁၆)ဧကသာ နွေစပါးစိုက်ပျိုးနိုင်သည်ဖြစ်၍ ကျန်လယ်မြေများကို ပဲနှင့်အခြား သီးနှံများစိုက်ပျိုးပါသည်။

### (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက် ဧက | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ် / မြင့်) | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| မိုးစပါး | ၄၇၁ | တင်း | ၅၀ | ၇၀ | ၆၀ | ဝါဆို | တန်ဆောင်မုန်း | လတ် | လတ် | |
| နွေစပါး | ၂၁၆ | တင်း | ၇၀ | ၁၀၀ | ၈၅ | ပြာသို | တန်ခူး | လတ် | လတ် | |

| သီးနှံ | စုစုပေါင်းစိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက်(နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု(နိမ့်/လတ်/ မြင့်) | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| မတ်ပဲ | ၂၀၃ | တင်း | ၄ | ၆ | ၅ | တန်ဆောင်မုန်း | တပေါင်း | လတ် | လတ် | |
| | | | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆)မှ ရယူပါသည်။

အထက်ဖော်ပြပါ ဇယားကိုကြည့်ခြင်းအားဖြင့် စပါးအထွက်နှုန်းမဆိုးသော်လည်း၊ သီးနှံပေါ်ချိန်တွင် ဈေးကျတတ်သဖြင့် တောင်သူများ အမြတ်နည်းသည်။ ရံဖန်ရံခါ ဖျက်ပိုးများကျရောက်လျှင်လည်း အရှုံးပြတတ်သည်။ ထို့ကြောင့် ခိုင်မာသော ဈေးကွက်ဖန်တီးရန်နှင့် ခေတ်မှီမျိုးကောင်း၊ မျိုးသန့်များကို ရှာဖွေအသုံးပြု၍ လာမည့်(၅)နှစ်တာကာလများတွင် သီးနှံအထွက်နှုန်းများ ကို မြင့်တင်သွားရပါမည်။

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် | မှတ်ချက်/အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | ၂ | - | - | - | - | ၃၀ | အချို့ကွဲနွားရှိ |
| လက်တွန်းထွန်စက် | ၁၀ | - | - | - | - | ၃၀ | အချို့ကွဲနွားရှိ |
| အစေ့ချ ကိရိယာ | - | - | - | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | ၂ | - | - | - | - | ၄၈ | လွယ်ကူလျှင်မြန် |

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ရိတ်သိမ်းစက် | | | | | | | |
| ခြွေလှေ့စက် | ၄ | - | - | - | - | ၆ | ကိုယ်တိုင်ရိတ် |
| ရေစုပ်စက် | ၄ | - | - | - | - | - | ဆည်ရေလုံလောက် |
| ခြေနင်းရေတင်စက် | | | | | | | |
| မြက်ရိတ်စက် | | - | | | | - | |
| အခြား | | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆)မှ ရယူပါသည်။

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းလာသောကြောင့် ရိတ်သိမ်းခြွေလှေ့စက်၊ ခြွေလှေ့စက်၊ ရေစုပ်စက်များကို ကျယ်ပြန့်စွာ အသုံးပြုလာပါသည်။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီသြဇာ) | ရှိ/တိုးချဲ့ရန်ပလပ်မြေမရှိသော်လည်း မျိုးကောင်းမျိုးသန့်များသုံးစွဲ၍ အထွက်တိုးစေသည်။ ဓါတ်မြေသြဇာလွယ်ကူစွာအသုံးပြုနိုင်။ |
| ရေရင်းမြစ် | ရှိ/တဘူးလှဆည်မှ စိုက်ပျိုးရေလုံလောက်စွာ ရရှိ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | ရှိ / နွားချေးအနည်းငယ် ကောက်ရိုးပဲရနိုင်။ |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | ရှိ / လွယ်ကူစွာ ဝယ်ယူရရှိနိုင်။ |

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | ရှိ / မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရရှိ။ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | ရှိ / လယ်ယာစိုက်ပျိုးရေးဌာနမှ အသိပညာ၊ နည်းပညာများရရှိ။ |
| သွင်းအားစုဈေးကွက် | ရှိ / မျိုးကောင်းမျိုးသန့်၊ ဓါတ်မြေဩဇာ၊ ဆေးဝါးလွယ်ကူစွာရရှိ |
| ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု | ရှိ / သီးနှံပွဲစားများလာကောက်သည်။ တိုက်ကြီးမြို့ဈေးကွက်နှင့် လက်လှမ်းမှီ |
| အခြား | အခြားမြို့နယ်များသို့ တင်ပို့ရောင်းချနိုင် |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆)မှ ရယူပါသည်။

တောင်သူများ သဘာဝမြေဆွေး၊ မြေဩဇာ၊ ဩဂဲနစ်ပိုးသတ်ဆေးသုံးစွဲရန် လက်လှမ်းမှီပါသည်။ လယ်ယာစိုက်ပျိုးရေးဌာနမှ မြေဆီလွှာထိန်းသိမ်းရန်နှင့် အထွက်တိုးစေရန် နည်းလမ်းများ ကို ပို့ချပေးလျက်ရှိသည်။ နွေရာသီတွင် စပါးစိုက်ရန်အတွက် တဘူးလှရေလှောင်တမံမှ ရေအလုံအလောက်ရရှိပါသည်။ စပါးမစိုက်နိုင်သောမြေများကို မတ်ပဲအစားထိုး စိုက်ပျိုးနိုင်သည်။

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | ရှိ - မြေလွတ်၊ မြေရိုင်းမရှိ။ |
| မြေဆီဩဇာ အခြေအနေ | ရှိ - ဓါတုဆေးဝါးအသုံးပြုမှုများ မြေဆီလွှာပျက်စီး |
| ငွေကြေးအရင်းအနှီးရရှိနိုင်မှု | ရှိ - လယ်ယာစိုက်ပျိုးရေးဘဏ်မှ ချေးငွေအချိန်မှီမရရှိ။ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | ရှိ - ချေးငွေအချိန်မှီမရှိသောကြောင့် လိုအပ်ချက်မပြည့်စုံ/သွင်းအားစု များ အချိန်မှီမထည့်နိုင် |
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | ရှိ - ကောက်စိုက်သမ၊ ပျိုးနုတ်သူ ရှားပါးသောကြောင့်။ |

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ရေရင်းမြစ်များ ရရှိနိုင်မှု | မရှိ - ဆည်မြောင်းတာတမံမှ လုံလောက်စွာရရှိ။ |
| စိုက်ပျိုးရေမလုံလောက်မှု | မရှိ - မိုးရေချိန် ၈၀ - ၁၀၀ ကြား ရွာသွန်း၍ လုံလောက်။ |
| ဖျက်ပိုးနှင့် ရောဂါ | ရှိ - စပါးနီမတုတ်ရောဂါ၊ ပင်စည်ပုပ်ရောဂါကျရောက် |
| စျေးကွက် လက်လှမ်းမီမှု | ရှိ - စျေးကွက်နီးသော်လည်း သီးနှံစျေးကွက်မတည်ငြိမ် |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | ရှိ - စိုက်ပျိုးရေးဌာနမှ နည်းပညာဖြန့်ဖြူးမှုအားနည်း။ |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆)မှ ရယူပါသည်။

စိုက်ပျိုးရေးသုံးပစ္စည်းများကို စျေးနှုန်းချိုသွာစွာဖြင့် ဝယ်ယူလိုကြပါသည်။ ကြာခံအဆင့် များ အဆင့်ဆင့်အမြတ်တင်သောကြောင့် စျေးနှုန်းမြင့်မားရခြင်းဖြစ်သည်။ စိုက်ပျိုးရေးဌာနအနေ ဖြင့် သဘာဝမြေသြဇာပြုလုပ်နည်းကို နမူနာပြုလုပ်ခဲ့သော်လည်း သဘာဝမြေသြဇာပြုလုပ်သုံးစွဲလေ့ မရှိကြပါ။ ယခုနှစ်များတွင် စပါးများကို ကြဲပက်စိုက်ပျိုးခြင်းကိုသာ အများစုလုပ်ကိုင်ကြပြီး ပေါင်းသတ်ဆေးမဆင်မခြင် သုံးစွဲခြင်းစသော အလေ့အကျင့်ထွန်းကားနေပါသည်။

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၃၀ | ၅၆ | ခိုင်းနွား၊ လယ်ထွန်၊ လှည်းဆွဲ |
| နို့စားနွား | ၁ | ၁ | တနိုင်တပိုင်၊ စီးပွားရေး |
| မြင်း | ၁ | ၁ | အပျော်စီး |
| ကျွဲ | ၁ | ၂၀ | တနိုင်စီးပွားရေး |
| မြည်း | - | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| လား | - | | |
| ဆိတ် | ၁ | ၁၀ | တနိုင်စီးပွားရေး |
| သိုး | - | | |
| ဝက် | ၅၀ | ၁၇၀ | စီပီဝက်၊ မြန်မာဝက်၊ အသားတိုးဝက်မွေးမြူ |
| ကြက် | ၇၅ | ၅၆၆ | တနိုင်မွေးမြူရေး |
| ဘဲ | ၇ | ၄၇ | တနိုင်တပိုင်စီးပွားရေး |
| နွားနောက် | | | |
| အခြား | | | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | | | |
| ပုဇွန်ကန် | | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | | |
| အခြား | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆)မှ ရယူပါသည်။

မွေးမြူရေးလုပ်ငန်းတွင် ဝက်မွေးမြူခြင်းကိုသာ အားထားမွေးမြူကြသည်။ အခြားတိရိစ္ဆာန်များကို အနည်းငယ်မွေးမြူကြသည်။

## (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | သီးသန့်စားကျက်မြေမရှိ။ |
| ရေရရှိမှု | တစ်နှစ်ပတ်လုံး မြေအောက်ရေရရှိ။ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မြန်မာဝက်၊ စီပီဝက်၊ စီပီကြက်မျိုးများလက်လှမ်းမီမှုရှိ |
| ချေးငွေ | သမစျေးကွက် ငွေရရှိ |
| သွင်းအားစုဈေးကွက် | အစာနှင့်ဆေးများ တိုက်ကြီးမြို့တွင် လွယ်ကူစွာရရှိ။ |
| ဝန်ဆောင်မှုဈေးကွက် | တိ/မွေးမှ အသိပညာပေး၊ ကာကွယ်ဆေးလာရောက်တိုက်ကျွေး |
| ထုတ်ကုန်ရောင်းဝယ်မှု | ပွဲစားများထံ လွယ်ကူရောင်းချနိုင်၊ ရန်ကုန်-တိုက်ကြီးဈေးကွက်ရှိ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | တနိုင်တပိုင်မွေးမြူရန် နေရာရှိ။ |
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | |
| ချေးငွေ | |
| သွင်းအားစု လက်လှမ်းမီမှု | |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | |
| ထုတ်ကုန်ရောင်းဝယ်မှု | |
| အခြား | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆)မှ ရယူပါသည်။

စီပီဝက်မွေးမြူခြင်းသည် အချိန်တိုအတွင်း အမြတ်အစွန်းကျန်သည်။ ရန်ကုန်-ပြည် ကားလမ်းမကြီးနံဘေးတွင်ရှိသောကြောင့် အရောင်းအဝယ်ဈေးကွက်မှာလည်း လွယ်ကူသည်။

### (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ဈေးငွေ့ရရှိနိုင်မှု | ဆင်းရဲသောအိမ်ထောင်စုများအတွက် ဈေးငွေ့မရရှိ။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ဝက်ထုပ်ကျွေး၊ နွားခွာနာ၊လျှာနာ၊ မွေးမြူရေးဗဟုသုတမရှိ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | ကာကွယ်ရေးဆိုင်ရာနည်းပညာများ တိ/မွေးမှ ပညာပေးမှုမရှိ။ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | တိ/မွေးကုနှင့်ချိတ်ဆက်ခြင်းမရှိ-တနိုင်တပိုင်မွေးမြူကြသည်။ |
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | |
| ဈေးငွေ့ရရှိနိုင်မှု | |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆)မှ ရယူပါသည်။

မွေးမြူရေးလုပ်ငန်းအတွက် အဓိကပြဿနာမှာ ကူးစက်ရောဂါများ၊ နွားများတွင် ခွာနာ၊ လျှာနာများ၊ ဝက်နာရွက်ပြာများ၊ အများဆုံးကျရောက်တတ်သည်။ စီပီဝက်မွေးမြူခြင်းသည် အရင်းအနှီးများသောကြောင့် မမွေးမြူနိုင်ခြင်းဖြစ်သည်။ မြို့နယ်တိမွေးကုမှ ထိရောက်ကောင်းမွန်စွာ မကုသနိုင်ခြင်း ပညာပေးလုပ်ငန်းများလည်း အားနည်းသည်။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | ၁ | ၃ | - | လတ်<br>လက်ရိတ်တုံးကင်တူးသည်။ |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | ၁၂ | | ၁၃ | လတ်<br>ရွာအနီးတဝိုက်လုပ်သည်။ |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | | | | |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၃၄ | ၅ | ၄၆ | လတ်<br>ကြက်၊ ဝက်၊ ရောင်းဝယ်ရေး နှင့် အိမ်ဆိုင်လုပ်ငန်းများ |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | ၈ | | ၈ | လတ်<br>ကယ်ရီဆွဲသူနှင့် ကားမောင်းသူ အနည်းငယ်သာရှိ။ |
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| | လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | ၁၅ | | ၁၅ | လတ် ရှေ့နေ/စစ်သား/ဝန်ထမ်း အချို့ပါဝင် |
| ၁၃ | ပညာရေး | ၁၃ | | ၁၄ | ဆရာနှင့်ဆရာမများ |
| ၁၄ | ကျန်းမာရေး | | | | |
| ၁၅ | လူမှုရေးလုပ်ငန်းများ | | | | |
| ၁၆ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | ၉၃ | | ၁၀၉ | နိမ့် ကျပန်းနှင့်အမည်မဖော်နိုင်သည့် အလုပ်များလုပ်ကိုင်ကြသည်။ |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies. etc.,) | ၉၅ | ၂ | ၁၃၃ | လတ် - ပြည်တွင်း၊ ပြည်ပများတွင် လုပ်ကိုင်၍ ဝင်ငွေ အသင့်အတင့်သာရကြသည်။ |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ** | | | | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆)မှ

ရယူပါသည်။

အထက်ပါဇယားကိုကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့ရွာတွင် လူဦးရေအများစုမှာ လယ်ယာမဲ့ လုပ်သားများဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးမည်ဆိုပါက နောင်လာမည့် ငါးနှစ်တာစီမံချက်ကာလအတွင်း ကျေးရွာ၏စီးပွားရေးအခြေအနေများ တိုးတက်လာမည်ဟု ယုံကြည်ရပါသည်။

## (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ခါတ်အားလိုင်းနှင့်လက်လှမ်းမှီ | လျှပ်စစ်မီးရရှိခြင်းကြောင့်၊ အထည်ချုပ်၊ စက်ရုံများနှင့်အခြားလုပ်ငန်းများကိုလည်း တွင်ကျယ်စွာလုပ်ကိုင်နိုင် |
| ပြည်လမ်းမကြီးဘေးရှိပြီး | တိုက်ကြီးမြို့နှင့်နီးသောကြောင့် ဆိုင်ကယ်ကယ်ရီ၊ ကားများလိုင်းဆွဲနိုင် စက်ရုံများအတွက် ကုန်ကြမ်းများလည်း သယ်ယူနိုင်။ |
| တိုက်ကြီးမြို့ပေါ်မှာလုပ်သားဈေးကွက်ရှိ | ရန်ကုန်-ပြည်ကားလမ်းမကြီးနှင့် နံဘေးတွင်ရှိသောကြောင့် အလွယ်တကူ သွားလာနိုင်။ |
| | |
| | |
| | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆)မှ ရယူပါသည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများကို ကြည့်မည်ဆိုလျှင်လည်း ကျွန်ုပ်တို့ကျေးရွာတွင် မဟာခါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိနေပြီး လမ်းပန်းဆက်သွယ်ရေးအရ လည်း ရန်ကုန်-ပြည်ကားလမ်းမကြီး၏ ဘေးတွင်တည်ရှိနေပါသည်။ ထို့ကြောင့် ထုတ်ကုန်လုပ်ငန်း များ ထူထောင်မည်ဆိုပါက ရွာသူရွာသားများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ထွက်ပေါ်လာနိုင်ပြီး ကျေးရွာ၏စီးပွားရေးအခြေအနေမှာလည်း ကောင်းမွန်လာနိုင်ပါမည်ဟု

သုံးသပ်တွေ့ရှိရသည်။

ဇယား(၂၃-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

| **ပြဿနာနှင့်အခက်အခဲများ** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| အရင်းအနှီးနည်းပညာမရှိ | ကျေးလက်နေလူတန်းစားများဖြစ်၍ အတတ်ပညာနှင့် ကျွမ်းကျင်မှုအားနည်း ပို့ချပေးရန်လိုအပ်။ |
| အသက်မွေးဝမ်းကျောင်းအလုပ် အတွက် ငွေကြေးမလုံလောက် | အရင်းနှီးနှင့် လိုအပ်ချက်များ အလုံအလောက်မရရှိသောကြောင့်။ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆)မှ ရယူပါသည်။

အထက်ပါအကြောင်းအရာများကို လေ့လာခြင်းအားဖြင့် ကျေးရွာတွင်းရှိ လူအများစုမှာ အသက်မွေးဝမ်းကျောင်း ပညာတတ်မြောက်မှုနည်းပါးကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များပို့ချပေးမည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုများပြားလာမည်ဟု တွေ့ရှိရပါသည်။

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရွှေ့ပြောင်းလုပ်သားတစ် | ၇၁ | ၆၇ | ၄၂ | ၁၀၉ | ၁၂ | ၁၂ | ၂၄ | ၅၅ | ၃၀ | ၈၅ |

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| | ဦး အနည်းဆုံးရှိသော အိမ်ထောင်စု | | | | | | | | | | |
| ၂ | ရွှေ့ပြောင်းလုပ်ကိုင်သောကျေးရွာရှိလူဦးရေ | ၂၄၆ | ၅၀၇ | ၅၃၂ | ၁၀၃၉ | ၁၂ | ၁၂ | ၂၄ | ၅၅ | ၃၀ | ၈၅ |
| ၃ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | - | ၇ | ၂ | ၉ | ၄ | ၂ | ၆ | ၃ | - | ၃ |
| | ၆ လ အထိ | - | ၄ | ၆ | ၁၀ | ၃ | ၂ | ၅ | ၁ | ၄ | ၅ |
| | ၁၂ လ အထိ | - | | | | | | | | | |
| | ၁၂ လ အထက် | - | ၅၆ | ၃၄ | ၉၀ | ၅ | ၈ | ၁၃ | ၅၁ | ၂၆ | ၇၇ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆)မှ ရယူပါသည်။

ကျေးရွာတွင် အိမ်ထောင်စု (၂၄၆)စုရှိသည့်အနက် (၇၁)အိမ်ထောင်စုမှ လူဦးရေ (၈၅)ဦးမှာ ပြည်တွင်း ပြည်ပသို့ထွက်၍ အလုပ်လုပ်ကိုင်နေရပါသည်။ ဤသို့ လုပ်ကိုင်နေရခြင်းမှာ မိမိတို့ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးကြောင်း၊ ပေါက်လွင်လျှက်ရှိပါသည်။ ထို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

### (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၁၀၉ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | |
| ၄ | အခြား | |

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆)မှ ရယူပါသည်။

ကျေးရွာတွင်အလုပ်သမားဦးရေပေါများသော်လည်း အလုပ်အကိုင်ရှားပါးသောကြောင့် စီးပွားရေးပြဿနာကြောင့် ပြည်တွင်း၊ ပြည်ပများသို့ ရွှေ့ပြောင်းသွားလာ၍ အလုပ်လုပ်ကိုင်ကြရသည်။

## (၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

| **စဉ်** | **အကြောင်းအရာ** | **အိမ်ထောင်စု အရေအတွက်** | | | | |
|---|---|---|---|---|---|---|
| | | **စုစုပေါင်း** | **% ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု** | **မြင့်** | **လတ်** | **နိမ့်** |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၂၀ | ၂၈.၁၇ | | | ✓ |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | - | | - | - | - |
| | - ဘဏ် | ၇၁ | | - | - | - |
| | - လူကြုံဖြင့်လွှဲပို့ခြင်း | - | | - | - | - |
| | - ငွေလွှဲလုပ်ငန်းနှင့် ဘဏ် | - | | - | - | - |
| | - ငွေလွှဲလုပ်ငန်း၊လူကြုံဖြင့်လွှဲပို့ခြင်း | - | | - | - | - |
| | - ဘဏ်နှင့် လူကြုံဖြင့်လွှဲပို့ခြင်း | ၇၁ | | - | - | - |
| | - ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့် လူကြုံဖြင့်လွှဲပို့ခြင်း | - | | - | - | - |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်ဖ/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆-၉-၂၀၁၆)မှ

ရယူပါသည်။

## (၂.၄) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး(မိုင်) | ၉ မိုင် | ရန်ကုန်ဘုရင့်နောင် မိုင် ၅၀ |
| သယ်ယူပို့ဆောင်ရေး လမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ | ဆိုင်ကယ် ကယ်ရီ | ကား |
| ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်မှုပေးနိုင်မှု | ဟင်းသီးဟင်းရွက်-သား-ငါး | အိမ်ဆောက်ပစ္စည်းလယ်ယာသုံးပစ္စည်း |
| ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု | တိုက်ကြီးမြို့မနှစ်ထပ်ဈေး အခန်း(၉၇၈) | ချေးအခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုကောင်း |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအခြေအနေကို ရပ်မိရပ်/ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သတင်းအချက်အလက်များကို (၂၆.၉.၁၆)မှ ရယူပါသည်။

ကျေးရွာ၏အနီးဆုံးဈေးဖြစ်သော တိုက်ကြီး၊ ဥက္ကံ၊ ဈေးသို့ (၉)မိုင်သာကွာဝေးပြီး ဟင်းသီးဟင်းရွက်၊ သားငါးများသွားရောက် ရောင်းဝယ်ရန် အဆင်ပြေသလို အကြီးစားဈေးဖြစ် သော ရန်ကုန်မြို့ရှိ ဘုရင့်နောင်ဈေးသို့ မိုင်(၅၀)မျှကွာဝေးသောကြောင့် အိမ်ဆောက်ပစ္စည်း၊ လယ်ယာသုံးပစ္စည်းများ ဝယ်ယူရန် လွယ်ကူသည်။

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ်(စိုက်ပျိုးရေးဘဏ်) | ချေးငွေ | ၆ လ | ၆၀ ပြား | ပုံစံ(၇) ပြရန် | စပါးစိုက်တောင်သူကိုသာချေး |

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမ ည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| ပုဂ္ဂလိကဘဏ် | | | | | |
| ပုဂ္ဂလိက အသေးစား ချေးငွေဝန် ဆောင်မှုကဏ္ဍ | ကိုရီးယား ချေးငွေ | ၁ နှစ် | ၂.၅၀ ကျပ် | မလို | အချိန်အကန့်အသန့်ရှိ |
| အဖွဲ့အလိုက်ငွေစု /ငွေချေးအစီအစဉ် | | | | | |
| ငွေချေးပေးသူ | | | | | |
| အပေါင်ဆိုင် | | | | | |
| မိတ်ဆွေနှင့် ဆွေမျိုးများ | ချေးငွေ | ၃/၆လ | ၁၀% | လို/မလို | လိုချိန်မရလိုင်ခြင်း |
| အခြား | | | | | |

